## Company profile (Myanma Agricultural & General Development Public Co., Ltd.)

<table>
<tr><td>Company name</td><td colspan="3">Myanma Agricultural & General Development Public Co., Ltd (MADPL)</td></tr>
<tr><td>Code</td><td>00009</td><td>ISIN code</td><td>MM0000900009</td></tr>
<tr><td>Date formed</td><td>11th September 2012</td><td>Management</td><td>U Tun Lwin (Chairman)</td></tr>
<tr><td>Date Registered</td><td>14th August 2024</td><td>Fiscal year</td><td>1st April to 31st March</td></tr>
<tr><td>Outstanding Shares</td><td>1,006,035 shares<br>(as at 31st March 2024)</td><td>Paid-up capital</td><td>MMK 10,060,350,000/-<br>(as at 31st March 2024)</td></tr>
<tr><td>Phone</td><td>01-230 1787</td><td>Email</td><td>info@magdpl.com</td></tr>
<tr><td>Address</td><td colspan="3">Shwe Zabu River View Complex, 23G-1, No.3B, Tower (A & C), Ground Floor, Strand Road, Ahlone Township, Yangon.</td></tr>
<tr><td>Business</td><td colspan="3">The current future business activities of MAGDPL are as follows ;<br>- Sourcing agricultural products locally and exporting them,<br>- Investing in Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) and Myanmar National Telecom Holdings Public Co., Ltd. (MNTH)<br>- To develop a multi-purpose international port terminal for handling agricultural and oil seed products at Thilawa Port Area Plot No. 29, to construct and lease the warehouses, siloes and other related commercial buildings for the storage of pulses, maize, sesame seeds and other agricultural products as well as imported agricultural inputs such as fertilizers and pesticides.<br>- Importing and exporting of the aforementioned items by MAGDPL.<br>- Transporting, storing, processing and exporting of pulses, beans, maize and sesame seeds from the growing regions to the international markets.<br>- To establish an international standard Myanmar Commodity Exchange Center that can conduct all spot and future transactions as per the international rules and regulations, without the needs for trust-based practices.</td></tr>
<tr><td>Board of Directors</td><td colspan="3">U Tun Lwin (Chairman)<br>Dr. Maung Maung Aye (Managing Director)<br>U Toe Aung Myint (Independent Director)<br>U Than Myint (Director)<br>U Naing Moe (Director)<br>U Wunna Khine (Director)<br>U Soe Paing (Director)<br>U Min Ko Oo (Director)<br>U Ohn Saing (Director)<br>U Maung Maung Tin (Director)<br>U Soe Aung (Director)<br>U Aung Naing (Director)<br>U Thein Win (Director)<br>U Aung Win (Director)<br>U Thein Han (Director)<br>U Sai Ba Nyan (Director)<br>U Kyaw Lynn (Director)</td></tr>
</table>

| | |
|---|---|
| | U Myint Zaw (Director)<br>U Zaw Myo Min (Director)<br>U Hla Oo (Director)<br>U San Nyein (Director)<br>U Win Lwin (Director)<br>U Sai Aung Min Latt (Director) |
| Website | http://www.magdpl.com |
| Lead securities company | CB Securities Co., Ltd. |
| Auditor | Thadar Sin Co., Ltd. |
| Company history | Myanma Agricultural & General Development Public Co., Ltd. ("MAGDPL") was established on 11th September 2012 with the majority of the executive committee members of Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association.<br><br>The Company Registration Number that was registered with the Ministry of National Planning and Economic Development was 2346/2012-2013 (11th September 2012) and it was granted permission to start business operations with the Public Companies' Business Commencement Certificate Number 7/2012-2013 (26th November 2012).<br><br>On 15th October 2018, the Company completed the online re-registration with the Directorate of Investment and Company Administration and the new company registration has become 168982240 (11th September 2012) under the company name of "Myanma Agricultural and General Development Public Co., Ltd. – MAGDPL".<br><br>As of 31st March 2024, the total number of shareholders was 109, and 1,006,035 shares have been issued at 10,000 MMK per share, resulting in paid-up capital of 10,060,350,000 MMK.<br><br>Myanma Agricultural & General Development Public Co., Ltd. ("MAGDPL") is the initial founding shareholder director at Myanmar Thilawa SEZ Holdings Public Co., Ltd. - MTSH.<br><br>Myanma Agricultural & General Development Public Co., Ltd. ("MAGDPL") is the initial founding shareholder director at Myanmar National Telecom Holdings Public Company Limited – MNTH.<br><br>Myanma Agricultural & General Development Public Co., Ltd. ("MAGDPL") entered into a 50 year BOT (Build-Operate-Transfer) agreement with Myanmar Port Authority for plot (29) of Thilawa Port Area. On 11th December 2015, MAGDPL submitted a proposal to Myanmar Investment Commission outlining plans for the development and construction of an international jetty along with related facilities to facilitate commercial activities within the Thilawa Port Area.<br><br>Myanmar Investment Commission has approved on 24th March 2016 with Permit no. MaNaTha-1153/2016 for carrying out development and operation of multi-purpose international port terminal on BOT basis for agricultural and oilseed products and leasing of related facilities in Thilawa Port Area Plot (29). |

| | |
|---|---|
| | The signing ceremony for Thilawa Port Area Plot No (29) with Myanmar Port Authority took place on 27th April 2016.<br><br>MAGDPL is currently implementing the development of multi-purpose international port terminal at which the operation of agricultural and oilseed products, and related facilities, which are to be leased out at Thilawa Port Area Plot No. (29).<br><br>According to Letter No. 10(1)/7/Thamada Office dated 26th January 2016, Ministry of Commerce has issued the permission certificate on 24th March 2016 so that MAGDPL can establish the Myanmar Commodity Exchange to facilitate domestic and international trades with insurance, ensuring systematic trading of pulses, beans, maize, sesame seeds and other agricultural products, while complying with international standards and regulations. |

**Company profile (Myanma Agricultural & General Development Public Co., Ltd.)**

| | | | |
|---|---|---|---|
| ကုမ္ပဏီအမည် | မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် | | |
| ကုတ်နံပါတ် | 00009 | ISIN code | MM0000900009 |
| စတင်တည်ထောင်သည့်နေ့ | ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက် | စီမံအုပ်ချုပ်သူ | ဦးထွန်းလွင် (ဥက္ကဌ) |
| မှတ်ပုံတင်ဖြစ်သည့်နေ့ | ၁၄-၈-၂၀၂၄ | ဘဏ္ဍာရေးနှစ် | ၂၀၂၄-၂၀၂၅ |
| အများပြည်သူသို့ထုတ်ရောင်းထားသည့်ရှယ်ယာ | ၁,၀၀၆,၀၃၅ | ထည့်ဝင်ပြီးမတည်ရင်းနှီးငွေ | ၁၀,၀၆၀,၃၅၀,၀၀၀/-<br>၃၁-၃-၂၀၂၄ ရက်နေ့ရှိ တန်ဖိုး |
| ဖုန်းနံပါတ် | ၀၁-၂၃၀၁၇၈၇ | Email လိပ်စာ | info@magdpl.com |
| လိပ်စာ | Shwe Zabu River View Complex, 23G-1, No.3B, Tower (A & C), မြေညီထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ | | |
| လုပ်ငန်း | MAGDPL အနေဖြင့် ဆောင်ရွက်နေသည့်၊ ဆောင်ရွက်ရန် စီစဉ်နေသည့် လုပ်ငန်းများမှာ -<br>- ကောက်ပဲ သီးနှံများအား ပြည်တွင်း၌ဝယ်ယူ၍ ပြည်ပသို့ တင်ပို့ သည့် လုပ်ငန်းများ၊<br>- Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) နှင့် Myanmar National Telecom Holdings Public Co., Ltd. (MNTH) တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ထည့်ဝင်ထားခြင်း၊<br>- သီလဝါဆိပ်ကမ်းနယ်မြေ အကွက် အမှတ် (၂၉) တွင် လယ်ယာ ထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ရန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကောက်ပဲသီးနှံနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများ ဖြစ်သည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ စက်မှုကုန်ကြမ်းသုံးပစ္စည်းများနှင့် ဆက်စပ်သော လုပ်ငန်းသုံး ပစ္စည်းများ အစရှိသည့် သွင်းကုန် ပစ္စည်းတို့အား သိုလှောင်မည့် Warehouse နှင့် Siloများ တည်ဆောက်ရန်နှင့် ဆက်စပ်နေသော စီးပွားရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။<br>- အထက်ဖော်ပြပါ လယ်ယာထွက်ကုန်များ သိုလှောင်မည့် ဂိုထောင်များ တည်ဆောက်ငှားရမ်းခြင်း အပြင် အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) အနေဖြင့် ၎င်းပစ္စည်းများကို ကိုယ်တိုင်တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်။<br>- ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား စိုက်ပျိုးထွက်ရှိရာဒေသမှသည် ပြည်ပတင်ပို့သည်အထိ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်။<br>- လက်ငင်းနှင့် အနာဂတ် ရောင်းဝယ်မှုတိုင်းတွင် ယုံကြည်မှုကို အခြေမခံဘဲ ငွေကြေး အာမခံ မှုနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်မည့် နိုင်ငံတကာ အဆင့်မီ Myanmar Commodity Exchange Center အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။ | | |
| ဒါရိုက်တာအဖွဲ့ဝင်များ | ဦးထွန်းလွင် (ဥက္ကဌ)<br>ဒေါက်တာမောင်မောင်အေး (မန်နေးဂျင်းဒါရိုက်တာ) | | |

| | |
|---|---|
| | ဦးတိုးအောင်မြင့် (လွတ်လပ်သော ဒါရိုက်တာ)<br>ဦးသန်းမြင့် (ဒါရိုက်တာ)<br>ဦးနိုင်မိုး (ဒါရိုက်တာ)<br>ဦးဝဏ္ဏခိုင် (ဒါရိုက်တာ)<br>ဦးစိုးပိုင် (ဒါရိုက်တာ)<br>ဦးမင်းကိုဦး (ဒါရိုက်တာ)<br>ဦးအုန်းဆိုင် (ဒါရိုက်တာ)<br>ဦးမောင်မောင်တင် (ဒါရိုက်တာ)<br>ဦးစိုးအောင် (ဒါရိုက်တာ)<br>ဦးအောင်နိုင် (ဒါရိုက်တာ)<br>ဦးသိန်းဝင်း (ဒါရိုက်တာ)<br>ဦးအောင်ဝင်း (ဒါရိုက်တာ)<br>ဦးသိန်းဟန် (ဒါရိုက်တာ)<br>ဦးစိုင်းဘညဏ် (ဒါရိုက်တာ)<br>ဦးကျော်လင်း (ဒါရိုက်တာ)<br>ဦးမြင့်ဇော် (ဒါရိုက်တာ)<br>ဦးဇော်မျိုးမင်း (ဒါရိုက်တာ)<br>ဦးလှဦး (ဒါရိုက်တာ)<br>ဦးစန်ငြိမ်း (ဒါရိုက်တာ)<br>ဦးဝင်းလွင် (ဒါရိုက်တာ)<br>ဦးစိုင်းအောင်မင်းလတ် (ဒါရိုက်တာ) |
| Website လိပ်စာ | http://www.magdpl.com |
| အဓိကငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ | CB Securities Ltd |
| စာရင်းစစ် | Thadar Sin Co., Ltd. |
| ကုမ္ပဏီ၏ နောက်ခံသမိုင်း | မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်အား မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ အလုပ်အမှုဆောင်များအများစုပါဝင်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များမှ ဦးဆောင်၍ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့တွင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အဖြစ် စတင်တည်ထောင်ခဲ့ပါသည်။<br><br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီမှတ်ပုံတင် လက်မှတ်အမှတ်မှာ ၂၃၄၆/၂၀၁၂-၂၀၁၃ (၁၁-၉-၂၀၁၂) ဖြစ်ပြီး အများပိုင်၏ လုပ်ငန်းစတင်ဆောင်ရွက်ခွင့် လက်မှတ်အမှတ် ၇/၂၀၁၂-၁၃ (၂၆-၁၁-၂၀၁၂) ဖြင့် လုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိခဲ့ပါသည်။ |

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ Myanmar Companies Online (MyCO) တွင် online စနစ်ဖြင့် ကုမ္ပဏီပြန်လည် မှတ်ပုံတင်ခြင်းအား ၁၅-၁၀-၂၀၁၈ ရက်နေ့တွင် ပြုလုပ်ခဲ့ ပြီး အသစ်ပြန်လည်ရရှိခဲ့သည့် ကုမ္ပဏီမှတ်ပုံတင်အမှတ်မှာ-168982240 (၁၁-၉-၂၀၁၂) ဖြစ်ပြီး မြန်မာ့ လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (Myanma Agricultural & General Development Public Co., Ltd. – MAGDPL) အမည်ဖြင့် သတ်မှတ် မှတ်ပုံတင် ပေးခဲ့ပါသည်။

၃၁-၃-၂၀၂၄ နေ့အထိ အစုရှယ်ယာရှင် (၁၀၉) ဦးမှ အစုရှယ်ယာ တစ်စုလျှင် (၁၀,၀၀၀)ကျပ်ဖြင့် အစုရှယ်ယာအရေအတွက် (၁,၀၀၆,၀၃၅)ကို ထည့်ဝင်ထားပြီး စုစုပေါင်းအစုရှယ်ယာ တန်ဖိုးမှာ (၁၀,၀၆၀,၃၅၀,၀၀၀)ကျပ် ဖြစ်ပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီ (Myanmar Thilawa SEZ Holdings Public Company Limited - MTSH) တွင် ကနဦးတည်ထောင်သူ အစုရှယ်ယာရှင် ဒါရိုက်တာတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် Myanmar National Telecom Holdings Public Company Ltd (MNTH) တွင် ကနဦး တည်ထောင်သူ အစုရှယ်ယာရှင် ဒါရိုက်တာတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိနေပါသည်။

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နှင့် BOT စနစ်ဖြင့် နှစ် (၅၀) မြေငှားစာချုပ် ချုပ်ဆိုခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှတစ်ဆင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၁၁-၁၂-၂၀၁၅ နေ့တွင် သီလဝါဆိပ်ကမ်းဒေသတွင် ခေတ်မီအပြည် ပြည်ဆိုင်ရာ ဆိပ်ခံတံတား နှင့် စီးပွားရေး လုပ်ငန်းဆောင်တာများ၏ ဆက်စပ်အဆောက်အအုံများ အကောင်အထည်ဖော်တည်ဆောက်ကာ BOT စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် တင်ပြခဲ့ပြီး ခွင့်ပြု မိန့် ရရှိခဲ့ပြီး ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) အား BOT စနစ်ဖြင့်လယ်ယာထွက်ကုန်နှင့် ဆီထွက်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား နှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများအား တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းတည်ဆောက်ရန်အတွက် ခွင့်ပြု ချက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၄-၃-၂၀၁၆ နေ့တွင် ခွင့်ပြုမိန့်အမှတ် - မနသ - ၁၁၅၃/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂၇-၄-၂၀၁၆ နေ့တွင် အကွက်အမှတ် (၂၉) အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပဋိညာဉ်စာချုပ် ချုပ်ခဲ့ပါသည်။

| | |
|---|---|
| | MAGDPL သည် လက်ရှိတွင် သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) ၌ လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား တည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ပါသည်။<br><br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နိုင်ငံတော်သမ္မတရုံး၏ ၂၆-၁-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၀(၁)/၇/သမ္မတရုံး၏ တည်ဆောက်အကောင်အထည်ဖော်ခွင့်ပြုချက်အရ MAGDPL အား မြန်မာတစ်နိုင်ငံလုံး၏ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကောက်ပဲသီးနှံနှင့် ဆက်စပ်ကုန်ပစ္စည်းများအား ပြည်တွင်း/ပြည်ပသို့ အာမခံငွေပါရှိသည့် ကြိုတင်ရောင်းဝယ်မှုကို နိုင်ငံတကာ အဆင့်မီ စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျ ရောင်းဝယ်ဖောက်ကြားခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် Myanmar Commodity Exchange လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် အသိအမှတ်ပြုလက်မှတ်အား ၂၄-၃-၂၀၁၆ ရက်နေ့တွင် ရရှိခဲ့ပြီး ဖြစ်ပါသည်။ |